မြန်မာနိုင်ငံဓာတုအင်ဂျင်နီယာအသင်း

Myanmar Association of Chemical Engineering

ဒုတိယအကြိမ်မြောက်

အသင်းသားစုံညီနှစ်ပတ်လည်အထွေထွေအစည်းအဝေးသို့တင်သွင်းသည့်

# အမှုဆောင်အဖွဲ့၏ အစီရင်ခံစာ

# နှင့်

# နှစ်ချုပ်ငွေစာရင်းရှင်းတမ်း

(၂၆-၁၂-၂၀၂၁)

# မြန်မာနိုင်ငံစာတုအင်ဂျင်နီယာအသင်း

## ဒုတိယအကြိမ်မြောက် အသင်းသားစုံညီနှစ်ပတ်လည်အထွေထွေအစည်းအဝေး

## အမှုဆောင်အဖွဲ့၏အစီရင်ခံစာ နှင့် ငွေစာရင်းရှင်းတမ်း

<u>မာတိကာ</u>


၁။ နိဒါန်း

၂။ ရည်ရွယ်ချက်

၃။ ဖွဲ့စည်းခြင်း

၄။ အမှုဆောင်အဖွဲ့ဝင်များ

၅။ လုပ်ငန်းကော်မတီများ

၆။ ၂၀၂၀-၂၀၂၁ ခုနှစ်အတွင်းဆောင်ရွက်ချက်များ

၇။ လက်ရှိအသင်းသား နှင့် အသင်းသားဝင်ရောက်မှုအခြေအနေ

၈။ အမှုဆောင်များဆောင်ရွက်ချက်များအပေါ် သုံးသပ်ချက်

၉။ အသင်း၏အကောင်အထည်ဖော်ဆောင်ရွက်မည့်ရှေ့လုပ်ငန်းစဉ်များ

၁၀။ အသင်း၏ဘဏ္ဍာရေးအခြေအနေ

၁၁။ ကျေးဇူးတင်ရှိခြင်း

၁၂။ နိဂုံး

၁၃။ ဘဏ္ဍာရေး နှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းများ

# မြန်မာနိုင်ငံဓာတုအင်ဂျင်နီယာအသင်း

# ဒုတိယအကြိမ်မြောက် အသင်းသားစုံညီနှစ်ပတ်လည်အထွေထွေအစည်းအဝေးသို့

# အမှုဆောင်အဖွဲ့၏အစီရင်ခံစာ နှင့် ငွေစာရင်းရှင်းတမ်း

**၁။ နိဒါန်း**

မြန်မာနိုင်ငံဓာတုအင်ဂျင်နီယာအသင်း (Myanmar Association of Chemical Engineering-MAChE) ကို အတွေ့အကြုံရင့်ကျက်သော ဓာတုအင်ဂျင်နီယာ ဆရာကြီး၊ဆရာမကြီးများ၏ လမ်းညွှန်မှုနှင့်အတူ (၂၀၁၂) ခုနှစ်မှာ စတင်ပြီး ဖွဲ့စည်းနိုင်ဖို့ ကြိုးပမ်းခဲ့ကြပါသည်။

ဆရာကြီး၊ ဆရာမကြီးများ၏ လမ်းညွှန်မှု၊ ကျောင်းသားဟောင်း၊ ကျောင်းသူဟောင်းများ၏ ကြိုးပမ်းမှုများ နှင့် ဓာတုအင်ဂျင်နီယာပညာရပ်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံဓာတုအင်ဂျင်နီယာအသင်း ဖွဲ့စည်းပုံနှင့်အခြေခံစည်းမျဉ်း (မူကြမ်း)ကိုရေးဆွဲပြီးအလုပ်အမှုဆောင် နှင့် ဗဟိုအလုပ် အမှုဆောင်ကော်မတီများကို (၃/၂/၂၀၁၈)တွင် အများသဘောတူ ဖွဲ့စည်းနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံဓာတုအင်ဂျင်နီယာအသင်းကို တရားဝင်မှတ်ပုံတင်ရန်အတွက် အလုပ်အမှုဆောင်များ အနက်မှ (၁၄)ဦး၏ ကိုယ်ရေးအချက်အလက်များ စုဆောင်းခြင်း၊ ဖွဲ့စည်းပုံနှင့်အခြေခံစည်းမျဉ်း အတည်ပြု ရေးဆွဲခြင်း၊ အစည်းအဝေးဆုံးဖြတ်ချက်များ ဆွေးနွေးညှိနှိုင်းခြင်းများပြုလုပ်ခဲ့ကြပြီး ၂၀၁၈ခုနှစ်၊ မေလ (၂၅) ရက်နေ့မှာ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သို့ မှတ်ပုံတင်ခွင့်ကို လျှောက်ထားခဲ့ ပါတယ်။

၂၀၁၈ခုနှစ်၊ ဇူလိုင်လ(၂၄)ရက်နေ့မှာ မြန်မာနိုင်ငံဓာတုအင်ဂျင်နီယာအသင်းယာယီမှတ်ပုံတင်အမှတ် (ပြည်တွင်း/၀၇၇၂) ဖြင့် တရားဝင်ဖွဲ့စည်းမှတ်ပုံတင်ခွင့် ကျခဲ့ပြီး၊ အသင်းအဖွဲ့၏မှတ်ပုံတင်လက်မှတ် (၁/ပြည်တွင်း/၀၈၉၅) အတည်ပြု လက်မှတ်ကို ၂၀၁၉ ဒီဇင်ဘာလ ၂၇ ရက်မှာ ရရှိခဲ့ပါသည်။ ယနေ့အထိ CEC အစည်းအဝေးပေါင်း ( ၃၃ ) ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး အသင်း၏ လက်ရှိလုပ်ဆောင်မှု အခြေအနေအနေဖြင့်

(၁) အသင်းဝင်အသင်းသားများခေါ်ယူခြင်း။

(၂) ပညာသင်ထောက်ပံ့ကြေးပေးအပ်နိုင်ခြင်း။

(၃) သုတေတနစာတမ်းပြိုင်ပွဲကျင်းပနိုင်ခြင်း။

(၄) ကျောင်းသားသူအားလုံးအတွက်စုံညီပွဲတော်ကျင်းပခြင်း။

(၅) မြန်မာနိုင်ငံဓာတုအင်ဂျင်နီယာအသင်း Web Site ထူထောင်နိုင်ခြင်း။

(၆)နှစ်စဉ်ဆရာကန်တော့ပွဲများဦးစီးကျင်းပခြင်း၊နှင့်ဆရာကြီးဆရာမကြီးများ၏သာရေးနာရေးကိစ္စများတွင် ကူညီဆောင်ရွက်ခြင်း။

(၇ )မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှကျင်းပသောအခမ်းအနားများတွင်ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း။

(၈) TU ကျောင်းများ၏ Infrastructure ဖွံ့ဖြိုးရေးနှင့် လိုအပ်ချက်များကိုပံ့ပိုးကူညီဖြည့်ဆည်းခြင်း။

(၉)ဘဏ္ဍာရေးကိစ္စအဝဝတို့ကိုစနစ်တကျစီမံခန့်ခွဲခြင်းစသည့်လုပ်ငန်းရပ်များကို ဆောင်ရွက်ခဲ့ကြပါသည်။

ယခုအချိန်သည် မြန်မာနိုင်ငံဓာတုအင်ဂျင်နီယာအသင်း၏ ဒုတိယကြိမ်သက်တမ်း ၏ ပထမ (၁) နှစ်ပြည့်မြောက်ပြီဖြစ်သဖြင့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း ဥပဒေ နှင့်အညီ အသင်းသားစုံညီအစည်းအဝေးကို (၂၆/၁၂/၂၀၂၁) တနင်္ဂနွေနေ့ တွင်ကျင်းပခြင်း ဖြစ်ပါသည်။

**၂။ ရည်ရွယ်ချက်များ**

(က) အသင်းဝင်များအချင်းချင်းရင်းနှီးမှု နှင့် စည်းလုံးညီညွတ်မှုတိုးတက်စေရေး၊ ပညာရေး၊ လူမှုရေးကိစ္စရပ်များတွင် အသင်း၏ဦးဆောင်မှုဖြင့်အတူတကွပူးပေါင်းဆောင်ရွက်ရန်။

(ခ) အသင်းဝင်များအင်ဂျင်နီယာကျင့်ဝတ်နှင့်အရည်အသွေးတို့ကိုထိန်းသိမ်းမြှင့်တင်ရန်။

(ဂ) ဓာတုအင်ဂျင်နီယာများနှင့်သက်ဆိုင်သောမြန်မာနိုင်ငံ၏တည်ဆဲဥပဒေ၊နည်းဥပဒေများကိုအဖွဲ့ဝင်များ သိရှိလိုက်နာနိုင်ရေးကူညီဆောင်ရွက်ရန်။

(ဃ) အသင်းဝင်များအချင်းချင်းအပြန်အလှန်အကျိုးပြုနိုင်ရေးအတွက်အသင်းမှကူညီဆောင်ရွက်ပေးရန်။

(င) ဓာတုအင်ဂျင်နီယာများနှင့်နည်းပညာတက္ကသိုလ်များရှိဓာတုအင်ဂျင်နီယာနှင်ဆက်စပ်ဘာသာရပ်ဆိုင်ရာဌာနများအကြား

- ရင်းနှီးသောဆက်နွယ်မှုများထိန်းသိမ်းဖော်ဆောင်ပေးရန်
- သင်ထောက်ကူလိုအပ်ချက်များကိုကူညီဖြည့်ဆည်းပေးရန်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်ပေးရန်၊
- သုတေသနဆိုင်ရာကူညီပံ့ပိုးမှုများဆောင်ရွက်ရန်နှင့်
- တက္ကသိုလ်နှင့်စက်မှုလုပ်ငန်းများကြားပူးပေါင်းဆောင်ရွက်ရေး(University-Industry Collaboration) လိုအပ်သောလုပ်ငန်းများဆောင်ရွက်ပေးရန်။

(စ) မျိုးဆက်သစ်အင်ဂျင်နီယာများနှင့်အသင်းဝင်များ၏အရည်အသွေးတိုးတက်ဖွံ့ဖြိုးပြီးဗဟုသုတအကြား အမြင်ကြွယ်ဝသောအတတ်ပညာရှင်များပေါ် ပေါက်လာရေးကိုထောက်အကူပြုနိုင်ရန်

- အတွေ့အကြုံဗဟုသုတကောင်းများကိုဆွေးနွေးဟောပြောခြင်း
- နည်းပညာဆိုင်ရာအချက်အလက်များဖြန့်ဝေခြင်း၊ပုံနှိပ်ထုတ်ဝေခြင်း၊သင်တန်းများဖွင့်လှစ်ပေးခြင်း၊ လေ့လာရေးခရီးစဉ်များစီစဉ်ပေးခြင်း၊
- ပြည်ပပညာတော်သင်များစေလွှတ်ခြင်း၊ပညာသင်ဆုများပေး အပ်ခြင်း

❖ စသည့် လုပ်ငန်းများဆောင်ရွက်ပေးရန်။

(ဆ) သက်ကြီးဝါကြီးဓာတုအင်ဂျင်နီယာကြီးများအားလူမှုရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုများပေးရန်။

(ဇ) နိုင်ငံတော်နှင့်ပြည်သူ့အကျိုးအတွက်ပြည်တွင်းပြည်ပမှအခြားအင်ဂျင်နီယာနှင့်နည်းပညာဆိုင်ရာအဖွဲ့ အစည်းများတက္ကသိုလ်များကျောင်းသားဟောင်းအဖွဲ့ များနှင့်လိုအပ်သလိုပူးပေါင်းဆက်သွယ်ဆောင် ရွက်ရန်။

(ဈ) နိုင်ငံတော် နှင့် ပြည်သူ့အကျိုးအတွက် ပြည်တွင်းပြည်ပ အခြားစီးပွားရေး၊ ပညာရေး နှင့်လူမှုရေးဆိုင်ရာ အဖွဲ့ အစည်းများ၊အစိုးရမဟုတ်သောအဖွဲ့ အစည်းများအကျိုးအမြတ်အတွက်မရည်ရွယ်သောအဖွဲ့အစည်းများ နိုင်ငံရေးအတွက်မဟုတ်သောအဖွဲ့အစည်းများနှင့်လိုအပ်သလိုပူးပေါင်းဆက်သွယ်ဆောင်ရွက်ရန်။

(ည) နိုင်ငံတော်အဆင့်မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီကဲ့သို့သော အသင်း အဖွဲ့များတွင်ဓာတုအင်ဂျင်နီယာများ၏အခန်းကဏ္ဍကိုတိုးမြှင့်ဖော်ဆောင်ရန်။

(ဋ) ပြည်တွင်းစားသောက်ကုန်နှင့်ဓာတုနည်းပညာရပ်ဆိုင်ရာစက်မှုကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး အတွက်အထောက်အကူပြုရန်။

**၃။ ဖွဲ့စည်းခြင်း**

မြန်မာနိုင်ငံဓာတုအင်ဂျင်နီယာအသင်း (Myanmar Association of Chemical Engineering-MAChE) ကို ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ (၂၄) ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ၊ ပြည်ထောင်စုအစိုးရအဖွဲ့ ရုံးဝန်ကြီးဌာန ၊ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့မှ ပြည်တွင်းအသင်းအဖွဲ့များ (ယာယီ) မှတ်ပုံတင်လက်မှတ်ကို ဥပဒေပုဒ်မ (၈) အရ အမှတ်၊ ပြည်တွင်း/၀၇၇၂ ဖြင့်ယာယီ ထုတ်ပေးလိုက်သည်။

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ (၂၇) ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ၊ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့ သည် ပြည်တွင်း အသင်း အဖွဲ့များ မှတ်ပုံတင်ခြင်း ဆိုင်ရာဥပဒေ ပုဒ်မ(၈)၊ ပုဒ်မခွဲ (က) အရ မှတ်ပုံ တင်လက်မှတ် (၁/ပြည်တွင်း/၀၈၉၅)ဖြင့် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုအသုံးပြုလျက် မြန်မာနိုင်ငံဓာတု အင်ဂျင်နီယာအသင်း(MAChE) အသင်းကို တရားဝင်ဖွဲ့စည်း ပေးခဲ့ပြီး မှတ်ပုံတင်ခွင့်ပြုခဲ့ ပါသည်။

**၄။ အမှုဆောင်အဖွဲ့ဝင်များ**

၂၀၂၁ -၂၀၂၂ ခုနှစ် သက်တမ်း ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်များ၏ အမည်စာရင်း

(က) ဗဟိုအလုပ်အမှုဆောင်များ

| စဉ် | အမည်(ခုနှစ်) | ရာထူး |
|---|---|---|
| ၁။ | ဦးစိန်သောင်းဦး (၁၉၇၅) | ဥက္ကဋ္ဌ |
| ၂။ | ဦးမောင်မောင်အေး(၁၉၈၃) | ဒုတိယဥက္ကဋ္ဌ-၁ |
| ၃။ | ဦးစိုင်းဆိုင်မိုင်း (၁၉၉၅) | ဒုတိယဥက္ကဋ္ဌ-၂ |
| ၄။ | ဒေါ်နွယ်နွယ်သက် (၁၉၈၂) | ဒုတိယဥက္ကဋ္ဌ-၃ |
| ၅။ | ဦးထွန်းလင်းကျော် (၁၉၈၇) | အထွေထွေအတွင်းရေးမှူး |
| ၆။ | ဒေါက်တာမေမြတ်ခိုင် (၂၀၀၃) | အတွင်းရေးမှူး-၁ |
| ၇။ | ဦးဝင်းမြင့်သန်း (၁၉၉၆) | အတွင်းရေးမှူး-၂ |
| ၈။ | ဒေါ်ခိုင်သွယ်ဦး (၂၀၀၈) | အတွင်းရေးမှူး-၃ |
| ၉။ | ဒေါ်နွဲ့နွဲ့မြင့် (၁၉၈၃) | ဘဏ္ဍာရေးမှူး |
| ၁၀။ | ဒေါ်ရီရီမြင့် (၁၉၉၂) | တွဲဖက်ဘဏ္ဍာရေးမှူး-၁ |
| ၁၁။ | ဦးအေးမင်းဦး (၁၉၉၃) | တွဲဖက်ဘဏ္ဍာရေးမှူး-၂ |
| ၁၂။ | ဦးမျိုးမင်းသန့် (၂၀၀၂) | စာရင်းစစ် |
| ၁၃။ | ဦးသင်မောင်မြင့် (၁၉၉၂) | တွဲဖက်စာရင်းစစ်-၁ |
| ၁၄။ | ဦးမျိုးဝင်း (၁၉၈၃) | တွဲဖက်စာရင်းစစ်-၂ |
| ၁၅။ | ဦးဇော်လေးဝင်း (၁၉၉၈) | ပြန်ကြားရေးမှူး |
| ၁၆။ | ဦးကြည်ထွန်း (၂၀၁၉) | တွဲဖက်ပြန်ကြားရေးမှူး-၁ |
| ၁၇။ | ဦးစိုးဇာနည်ကျော် (၂၀၀၉) | တွဲဖက်ပြန်ကြားရေးမှူး-၂ |
| ၁၈။ | ဒေါ်သန်းသန်းအေး (၁၉၈၂) | အမှုဆောင်အဖွဲ့ဝင်-၁ |
| ၁၉။ | ဦးဇော်ဝင်း (၁၉၈၂) | အမှုဆောင်အဖွဲ့ဝင်-၂ |
| ၂၀။ | ဦးအောင် (၁၉၈၃) | အမှုဆောင်အဖွဲ့ဝင်-၃ |
| ၂၁။ | ဒေါ်စိမ့်ရည်ထက် (၁၉၉၅) | အမှုဆောင်အဖွဲ့ဝင်-၄ |
| ၂၂။ | ဦးခင်မောင်ဝင်း (၁၉၉၆) | အမှုဆောင်အဖွဲ့ဝင်-၅ |

| | | |
|---|---|---|
| ၂၃။ | ဦးနေစိုး (၁၉၉၈) | အမှုဆောင်အဖွဲ့ဝင်-၆ |
| ၂၄။ | ဦးအောင်စိုးသူ (၂၀၀၂) | အမှုဆောင်အဖွဲ့ဝင်-၇ |
| ၂၅။ | ဦးရန်နိုင်အောင်(၂၀၀၄) | အမှုဆောင်အဖွဲ့ဝင်-၈ |
| ၂၆။ | ဒေါက်တာဆုမြတ်ထွေး (၂၀၀၄ ) | အမှုဆောင်အဖွဲ့ဝင်-၉ |
| ၂၇။ | ဒေါ်ရွှေစင်မိုး( ၂၀၀၄ ) | အမှုဆောင်အဖွဲ့ဝင်-၁၀ |

(ခ) အလုပ်အမှုဆောင်များ

| စဉ် | အမည် | ခုနှစ် |
|---|---|---|
| ၁။ | ဦးစိန်သောင်းဦး | ၁၉၇၅ |
| ၂။ | ဒေါ်စိုးစိုးအေး | ၁၉၈၀ |
| ၃။ | ဦးဇော်ဝင်း | ၁၉၈၂ |
| ၄။ | ဒေါ်ချိုချိုမြင့် | ၁၉၈၂ |
| ၅။ | ဒေါ်သန်းသန်းအေး | ၁၉၈၂ |
| ၆။ | ဒေါ်နွယ်နွယ်သက် | ၁၉၈၂ |
| ၇။ | ဦးမြသန်းထွန်း | ၁၉၈၂ |
| ၈။ | ဦးလှကြည် | ၁၉၈၂ |
| ၉။ | ဦးမောင်မောင်အေး | ၁၉၈၃ |
| ၁၀။ | ဦးမျိုးဝင်း | ၁၉၈၃ |
| ၁၁။ | ဦးအောင် | ၁၉၈၃ |
| ၁၂။ | ဒေါ်နွဲ့နွဲ့မြင့် | ၁၉၈၃ |
| ၁၃။ | ဦးထွန်းလင်းကျော် | ၁၉၈၇ |
| ၁၄။ | ဦးကျော်စိုးဝင်း | ၁၉၈၇ |
| ၁၅။ | ဦးသင်မောင်မြင့် | ၁၉၉၂ |
| ၁၆။ | ဒေါ်ရီရီမြင့် | ၁၉၉၂ |
| ၁၇။ | ဦးအေးမင်းဦး | ၁၉၉၃ |
| ၁၈။ | ဦးစိုင်းဆိုင်မိုင်း | ၁၉၉၅ |
| ၁၉။ | ဒေါ်စိမ့်ရည်ထက် | ၁၉၉၅ |
| ၂၀။ | ဦးဝင်းမြင့်သန်း | ၁၉၉၆ |

| | | |
|---|---|---|
| ၂၁။ | ဦးခင်မောင်ဝင်း | ၁၉၉၆ |
| ၂၂။ | ဦးဇော်လေးဝင်း | ၁၉၉၈ |
| ၂၃။ | ဦးနေစိုး | ၁၉၉၈ |
| ၂၄။ | ဒေါက်တာတင့်တင့်ကြွယ် | ၂၀၀၀ |
| ၂၅။ | ဦးအောင်စိုးသူ | ၂၀၀၂ |
| ၂၆။ | ဦးကျော်သူသီဟ | ၂၀၀၂ |
| ၂၇။ | ဦးမျိုးမင်းသန့် | ၂၀၀၂ |
| ၂၈။ | ဒေါက်တာမေမြတ်ခိုင် | ၂၀၀၃ |
| ၂၉။ | ဒေါက်တာမီမီဟန်ထွန်း | ၂၀၀၃ |
| ၃၀။ | ဒေါက်တာချောစုစုမွေး | ၂၀၀၃ |
| ၃၁။ | ဦးရန်နိုင်အောင် | ၂၀၀၄ |
| ၃၂။ | ဦးလေးကိုကို | ၂၀၀၄ |
| ၃၃။ | ဒေါ်ရွှင်စင်မိုး | ၂၀၀၄ |
| ၃၄။ | ဒေါ်ဇင်သင်းသင်းနွယ် | ၂၀၀၄ |
| ၃၅။ | ဒေါက်တာဆုမြတ်ထွေး | ၂၀၀၄ |
| ၃၆။ | ဦးအာကာအောင် | ၂၀၀၄ |
| ၃၇။ | ဒေါက်တာဖြိုးသူအောင် | ၂၀၀၄ |
| ၃၈။ | ဒေါ်ယမင်းလွင် | ၂၀၀၆ |
| ၃၉။ | ဒေါ်စောမွန်ဌေး | ၂၀၀၆ |
| ၄၀။ | ဒေါ်ခိုင်သွယ်ဦး | ၂၀၀၈ |
| ၄၁။ | ဦးကြည်ထွန်း | ၂၀၀၉ |
| ၄၂။ | ဦးစိုးဇာနည်ကျော် | ၂၀၀၉ |
| ၄၃။ | ဒေါ်ချောချယ်ရီဌေး | ၂၀၁၁ |

## ၅။ လုပ်ငန်းကော်မတီများ

မြန်မာနိုင်ငံဓာတုအင်ဂျင်နီယာများအသင်း၏ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ အသင်းလုပ်ငန်းများ လျင်မြန် သွက်လက်စေရေး

တို့အတွက် အောက်ဖော်ပြပါလုပ်ငန်းကော်မတီများကို ဖွဲ့စည်းပြီး ဗဟိုအလုပ်အမှုဆောင် နှင့် အလုပ်အမှုဆောင် များအားတာဝန်ခွဲဝေပေးအပ်ခဲ့ပါသည် -

(၁) အကြံပေးခြင်းဆိုင်ရာကော်မတီ (Advisory Committee)

(၂) ဝန်ထမ်းရေးရာကော်မတီ (Office Team)

(၃) အုပ်ချုပ်ရေးဆိုင်ရာကော်မတီ (Administration Committee)

(၄) လူမှုဖူလုံရေး နှင့် ဘဏ္ဍာရေးကော်မတီ ( Social Welfare and Finanical Committee)

(၅) ကျွမ်းကျင်မှုဆိုင်ရာဖွံ့ဖြိုး တိုးတက်ရေးကော်မတီ (Professional Development Committee)

(၆)ဓာတုအင်ဂျင်နီ၏ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ( Sustainable Development of ChE. Departments of TUs Committee)

## ၆။ ၂၀၂၀ -၂၀၂၁ ခုနှစ် အတွင်းဆောင်ရွက်ချက်များ

**(၆) အစည်းအဝေးများ၊ ဟောပြောပွဲများ၊ ဆွေးနွေးပွဲများ၊ သင်တန်းများ၊ ပြပွဲများကျင်းပခြင်း။**

( ၆ - ၁ ) ၁၉-၁၁-၂၀၂၀ရက်နေ့တွင် Zoom application ဖြင့် မြန်မာနိုင်ငံဓာတုအင်ဂျင်နီယာများအတွက်အလုပ်အကိုင် အခွင့်အလမ်းဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲ (1)ကို ပြုလုပ်ခဲ့ပါသည်။

( ၆ -၂ ) ၂၁-၁၁-၂၀၂၀ ရက်နေ့တွင် Zoom application ဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲခြင်းနှင့်ဓာတုအင်ဂျင်နီယာများ၏ အခန်းကဏ္ဍအကြောင်းအရာဖြင့် စကားဝိုင်းဆွေးနွေးပွဲအစီအစဉ် (2) ကိုကျင်းပပြုလုပ်ခဲ့ပါသည်။

( ၆ - ၃ ) ၂၈-၁၁-၂၀၂၀ ရက်နေ့တွင် zoom application ဖြင့် Refinery:Today and Future Part 1: Today ခေါင်းစဉ် ဖြင့် စကားဝိုင်းဆွေးနွေးပွဲအစီအစဉ် (3) - Part (1) ကိုကျင်းပပြုလုပ်ခဲ့ပါသည်။

( ၆ - ၄ ) ၅-၁၂-၂၀၂၀ ရက်နေ့တွင် zoom application ဖြင့် Refinery:Today and Future Part 2: Future ခေါင်းစဉ် ဖြင့် စကားဝိုင်းဆွေးနွေးပွဲအစီအစဉ် (3) - Part (2) ကိုကျင်းပပြုလုပ်ခဲ့ပါသည်။

( ၆ - ၅ ) ၂ -၁-၂၀၂၀ရက်နေ့တွင် zoom application ဖြင့် Refinery:Today and Future Part 3: Dirction of a petroleum refinery ခေါင်းစဉ် ဖြင့် စကားဝိုင်းဆွေးနွေးပွဲအစီအစဉ် (3) - Part (3) ကိုကျင်းပပြုလုပ်ခဲ့ပါသည်။

( ၆ - ၆ ) ၁၉-၁၂-၂၀၂၀ ရက်နေ့တွင် Zoom application ဖြင့် 2020-MAChE Election ပွဲကို ကျင်းပပြုလုပ်ခဲ့ပါသည်။

( ၆ - ၇ ) ၂၁-၁၂-၂၀၂၀ ရက်နေ့တွင် Zoom application ဖြင့် AGM report နှင့် ပတ်သတ်၍ဆွေးနွေးခြင်းဆိုင်ရာ ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင် အစည်းအဝေး (၅/၂၀၂၀) ကို ကျင်းပပြုလုပ်ခဲ့ပါသည်။

( ၆ - ၈ ) ၂၃-၁၂-၂၀၂၀ ရက်နေ့တွင် Zoom application ဖြင့် AGM report နှင့် Job Description ပတ်သတ်၍ ဆွေးနွေးခြင်းဆိုင်ရာဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်အစည်းအဝေး (၆/၂၀၂၀) ကို ကျင်းပပြုလုပ်ခဲ့ပါသည်။

( ၆ - ၉ ) ၂၆-၁၂-၂၀၂၀ ရက်နေ့တွင် Zoom application ဖြင့် Enrichment Program for myanmar ChE ကို ဆရာကြီး ဦးအောင်မြိုင်မှ ဦးစီး၍ ဆွေးနွေးပွဲကျင်းပပြုလုပ်ခဲ့ပါသည်။

( ၆ - ၁၀) ၃၀-၁၂-၂၀၂၀ ရက်နေ့တွင် Zoom application ဖြင့် ရှေ့လုပ်ငန်းစဉ် နှင့် ပတ်သတ်၍ဆွေးနွေးခြင်း ဆိုင်ရာ ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင် အစည်းအဝေး (၇/၂၀၂၀) ကို ကျင်းပပြုလုပ်ခဲ့ပါသည်။

( ၆ - ၁၁ ) ၂ -၁-၂၀၂၁ ရက်နေ့တွင် zoom application ဖြင့် Refinery :Today and Future Part 3: Dirction of a petroleum refinery ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲအစီအစဉ် (3) - Part (3) ကိုကျင်းပပြုလုပ်ခဲ့ပါသည်။

( ၆ - ၁၂) ၈-၁-၂၀၂၁ ရက်နေ့တွင် Zoom application ဖြင့် ရုံးကိစ္စနှင့် ပတ်သတ်၍ဆွေးနွေးခြင်း ဆိုင်ရာဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင် အစည်းအဝေး (၁/၂၀၂၁ )ကို ကျင်းပပြုလုပ်ခဲ့ပါသည်။

(၆-၁၃) ၁၉-၁-၂၀၂၁ရက်နေ့တွင် Zoom application ဖြင့် Steering Committee အဖွဲ့ဝင်များနှင့် ပြန်ကြားရေးအဖွဲ့ဝင်များအား Talk show ၏ရှေ့လုပ်ငန်းစဉ်များအတွက်ဆွေးနွေးရန်ဖိတ်ကြား၍ကြားဖြတ်စည်းအဝေး (၂/၂၀၂၁) ကို ကျင်းပပြုလုပ်ခဲ့ပါသည်။

( ၆ - ၁၄ ) ၉-၁၀-၂၀၂၁ ရက်နေ့တွင် zoom application ဖြင့် အသင်းအနေနဲ့ဆက်လက်ဆောင်ရွက်သင့်သည့် ဆရာ၊ဆရာမများနှင့် ကျောင်းသား/သူ များအတွက်အဓိကဆောင်ရွက်ပေးသင့်သော လူမှုရေးကိစ္စများ၊ ပညာရေးကိစ္စများ နှင့် အလုပ်အကိုင်ရရှိရေး၊ အသင်း၏လက်ရှိအခြေအနေကိုလေ့လာသုံးသပ်ပြီး ရှေ့ဆက်ဆောင်ရွက်သင့်သည်ကိုဆွေးနွေးခြင်း ဆိုင်ရာအစည်းဝေး (၃/၂၀၂၁)ကို ကျင်းပပြုလုပ်ခဲ့ပါသည်။

( ၆- ၁၅ ) ၁၆-၁၀-၂၀၂၁ -ဓာတုအင်ဂျင်နီယာကျောင်းသူ/သားဟောင်းများ၏၂၀၂၁ - ဆရာကန်တော့ပွဲ အကြိုညှိနှိုင်းဆွေးနွေးပွဲ အစည်းအဝေးကျင်းပပြီး အစဉ်အလာမပျက်ကျင်းပရန် ဆွေးနွေးဆုံးဖြတ်ခဲ့ပါသည်။ဆရာကန်တော့ပွဲကိုအခမ်းအနားပုံစံဖြင့် ပြုလုပ်တော့မည်မဟုတ်ဘဲ အလှူငွေများကို စနစ်တကျ ကောက်ခံ၍ စနစ်တကျ ဆရာ၊ဆရာမများအားငွေကြေးဖြင့် လှူဒါန်းသောပုံစံဖြင့်သာပြုလုပ်ရန် သဘောတူ ခဲ့ပါသည်။

( ၆ - ၁၆ )၁၉-၁၀-၂၀၂၁-ဆရာကန်တော့ပွဲပြုကိုအသင်းအနေနှင့်ဖြင့်မလုပ်ဘဲ၊ကျောင်းသား၊သူဟောင်းများ ၊ဓာတုအင်ဂျင်နီယာမိသားစုအနေနှင် ပြုလုပ်ရန်ဆုံးဖြတ်ခဲ့ပါသည်။ယခင်နှစ်ကအတိုင်း (65)နှစ်အထက်၊ (55)နှစ်အထက် ဆရာ/ဆရာမကြီးများကို ကန်တော့မည်။

ဓာတုအင်ဂျင်နီယာမိသားစုဝင်များမှ( **မိမိတို့သီးခြားကန်တော့လိုသော** ) ဆရာ၊ဆရာမများရှိပါက ဆရာဆရာမ၏အမည်ကိုဖော်ပြပြီးအလှူငွေပေးပို့နိုင်ပြီး၊ကန်တော့ပွဲကော်မတီမှကန်တော့လိုသောဆရာဆရာမထံသို့ရောက်အောင်စီစဉ်ပေးပါမည်။

မြန်မာနိုင်ငံ ဓာတုအင်ဂျင်နီယာမိသားစု အာစရိယပူဇော်ပွဲ(၂၀၂၁ ခုနှစ်)ကန်တော့ခံ ဆရာ /ဆရာမ များ စာရင်း

| စဉ် | အသက် ၆၅ နှစ် အထက် | စဉ် | အသက် ၅၅ နှစ် အထက် |
|---|---|---|---|
| ၁ | Dr. သန်းထိုက် | ၁ | ဒေါ်ချိုချို |
| ၂ | Dr. မြင့်ဟန် | ၂ | ဦးအောင်ခင် |
| ၃ | Dr. ဒေါ်သောင်းခင် | ၃ | ဒေါ်ကြည်ကြည်ဝင်း |
| ၄ | Dr လှမြင့်(Austrila) | ၄ | Dr. ဆင့်စိုး |
| ၅ | Dr.သိန်းအောင်(USA) | ၅ | ဦးတင့်လွင် |
| ၆ | Dr.တင်အောင်(Dr.Kuk c.Chiu,USA) | ၆ | Dr. မိုးမိုးကျော် |
| ၇ | Dr. မျိုးသန့်တင် | ၇ | Dr.ရဲလွင် (ကနေဒါ) |
| ၈ | ဦးမောင်မောင်(USA) | ၈ | ဒေါ်ခင်ရွှေဌေး |
| ၉ | ဦးမြတ်သွင်(USA) | ၉ | ဦးကျော်သက်မြင့်(USA) |
| ၁၀ | Dr. ဒေါ်တင်မြင့် | ၁၀ | ဒေါ်သီတာနွယ် |
| ၁၁ | ဦးထွန်းအောင်ကျော်(USA) | ၁၁ | ဒေါ်ခင်အေးမူ |
| ၁၂ | ဦးအုန်းမောင်(Singapore) | ၁၂ | ဦးရွှေကို |
| ၁၃ | Dr. Taing Ok(Japan) | ၁၃ | ဒေါ်နုနုရီ |
| ၁၄ | ဒေါ်ခင်ဆွေအေး | ၁၄ | ဒေါ်အေးအေးချို |
| ၁၅ | ဒေါ်တင်မေစိုး | ၁၅ | ဒေါ်ခင်မြသွင် |
| ၁၆ | ဒေါ်တင်တင်မြင့်(Singapore) | ၁၆ | ဒေါ်ရီရီမြင့် |
| ၁၇ | ဦးရဲမြင့်(Singapore) | ၁၇ | ဦးမြသန်း |
| ၁၈ | ဦးအောင်မြိုင်(Thailand) | ၁၈ | ဦးကျော်ညွှန့် |
| ၁၉ | ဦးတင်လင်း | ၁၉ | ဒေါ်သန်းသန်းဆင့် |
| ၂၀ | Dr. ဒေါ်မြမြဦး | ၂၀ | ဒေါ်မူမူအေး |
| ၂၁ | ဒေါ်ခင်ထူးမေ | ၂၁ | ဒေါ်အေးအေးသန့် |
| ၂၂ | Dr. ဒေါ်စန်းမြင့် | ၂၂ | ဒေါ်နီနီအေး |
| ၂၃ | ဒေါ်မြင့်မြင့်အေး | ၂၃ | ဒေါ်မြင့်မြင့်သိန်း |
| ၂၄ | ဦးစိန်သောင်းဦး | ၂၄ | ဦးသိန်းလွင် |
| ၂၅ | ဒေါ်ခင်စန်းရီ | ၂၅ | ဒေါ်ဖြူဖြူ |

| | | | |
|---|---|---|---|
| ၂၆ | ဒေါ်ဂင်းတင့် | ၂၆ | ဒေါ်ခင်မမ |
| ၂၇ | ဒေါ်စီစီဂင်း | ၂၇ | ဒေါ်ဂင်းမင်းသိန်း |
| ၂၈ | ဒေါ်လှလှမြင့် | ၂၈ | ဦးမျိုးအောင် |
| ၂၉ | ဒေါ်တိုးတိုးသန်း | ၂၉ | ဒေါ်ဂင်းဂင်းမြင့် |
| ၃၀ | ဒေါ်ဆွေဆွေမြင့် | | |
| ၃၁ | ဦးကိုကိုဦး | | |
| ၃၂ | ဒုဗမက-ဉာဏ်ထွန်း (ငြိမ်း) | | |
| ၃၃ | ဒုဗမက-Drကျော်ကျော်မိုး (ငြိမ်း) | | |
| ၃၄ | ဒုဗမက-မောင်မောင်အေး (ငြိမ်း) | | |
| ၃၅ | ဒေါ်တင်မြအေး | | |

၆၅ နှစ် အထက် ဆရာကြီးဆရာမကြီးများ ၃၅ ဦး

၅၅ နှစ် အထက် ဆရာကြီးဆရာမကြီးများ ၂၉ ဦး

စုစုပေါင်း ၆၄ ဦး

( ၆ - ၁၇) **၂၂-၁၀-၂၀၂၁** -ဓာတုအင်ဂျင်နီယာမိသားစု ၂၀၂၁ ခုနှစ် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေး ကော်မတီကို ဖွဲ့စည်းပြီးလုပ်ငန်းတာဂန်များခွဲဝေသတ်မှတ်ပါသည်။

**ဓာတုအင်ဂျင်နီယာမိသားစု ၂၀၂၁ ခုနှစ် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

နာယက။ ။ဦးစိန်သောင်ဦး
ဥက္ကဋ္ဌ ။ ။ ဦးမောင်မောင်အေး
ဒုဥက္ကဋ္ဌ ။ ။(၁) ဦးကျော်စိုးဝင်း
(၂) ဦးစိုင်းဆိုင်မိုင်း
(၃) ဒေါ်နွယ်နွယ်သက်
အတွင်းရေးမှူး၊ ။ ဦးထွန်းလင်းကျော်
တွဲဘက်အတွင်းရေးမှူး ။ ။(၁) ဦးဂင်းမြင့်သန်း
(၂) ဦးဇော်လေးဂင်း
(၃) ဦးအုပ်မှူးသွင်
ဘဏ္ဍာရေးမှူး ။ ။ ဒေါ်နွဲ့နွဲ့မြင့်
တွဲဘက်ဘဏ္ဍာရေးမှူး ။ ။(၁) ဒေါ်ရီရီမြင့်
(၂) ဦးဇော်ဂင်း
(၃) ဦးခင်မောင်ဂင်း(၁၉၉၆)
(၄) ဦးစိုးဇာနည်ကျော်
စာရင်းစစ် ။ ။ ဦးမျိုးမင်းသန့်
တွဲဘက်စာရင်းစစ် ။ ။ ဦးမျိုးဂင်း
ပြန်ကြားရေးမှူး ။ ။ ဦးကြည်ထွန်း
တွဲဘက်ပြန်ကြားရေးမှူး ။ ။(၁)ဦးအောင်စိုးသူ
(၂)ဦးစောကံချွန်

(၃)ဦးလေးကိုကို

အဖွဲ့ဝင်များ ။ ။ (၁) ဦးနေစိုး
(၂)ဦးအောင်
(၃)ဒေါ်ရွှေစင်မိုး
(၄)ဒေါက်တာစုမြတ်ထွေး
(၅) ဒေါက်တာချောစုစုမွေး
(၆) ဒေါက်တာနွေမွန်မွန်ဦး

လုပ်ငန်းတာဝန်များ

**ကန်တော့ခံဆရာ/ဆရာမ စာရင်းပြုစုရန်**

(၁) ) ဦးဇော်လေးဝင်း
(၂) ဒေါ်ရွှေစင်မိုး
(၃)ဒေါက်တာစုမြတ်ထွေး

**ကန်တော့ငွေများ ဘဏ်မှထုတ်ခြင်း၊ သွင်းခြင်း၊ ခွဲဝေခြင်း များဆောင်ရွက်ရန်**

(၁) ဦးမောင်မောင်အေး
(၂) ဦးဇော်ဝင်း
(၃) ဦးထွန်းလင်းကျော်
(၄) ဦးခင်မောင်ဝင်း
(၅) ဦးနေစိုး
(၆) ဦးမျိုးမင်းသန့်
(၇) ဦးကြည်ထွန်း
(၈) ဦးစောကံချွန်
(၉) ဦးအုပ်မှူးသွင်

**ကန်တော့ငွေများစာရင်းသွင်းပြုစုကြေညာခြင်းဆောင်ရွက်ရန်**

(၁) ဦးမောင်မောင်အေး
(၂) ဦးဇော်ဝင်း
(၃) ဦးထွန်းလင်းကျော်

**ကန်တော့ငွေများ ကိုဆရာ/ဆရာမကြီးများထံသွားရောက်ပို့ဆောင်ကန်တော့ရန်**


(၁) ဦးကျော်စိုးဝင်း
(၂) ဦးဇော်ဝင်း
(၃) ဦးထွန်းလင်းကျော်
(၄) ဦးစိုးဇာနည်ကျော်
(၅) ဦးအုပ်မှူးသွင်
(၆) ဦးစောကံချွန်
(၇)ဒေါ်နွဲ့နွဲ့မြင့်

**ကန်တော့ငွေကောက်ခံရရှိမှုမှတ်တမ်း**

၆၅ နှစ် အထက် ဆရာကြီးဆရာမကြီးများ(၃၅ဦး) ၃သိန်း=၁၀,၅၀၀,၀၀၀ ကျပ်
၅၅နှစ် အထက် ဆရာကြီးဆရာမကြီးများ(၂၉ဦး) ၃သိန်း= ၈,၇၀၀,၀၀၀ ကျပ်
**စုစုပေါင်း (၁၉၂)သိန်းကျပ်တိတိ ကန်တော့ခဲ့ပါသည်။**

**ဆရာဆရာမကြီးများသို့သီးသန့် ကန်တော့ပေးရန်ကောက်ခံရရှိငွေစုစုပေါင်း=၂,၁၀၀,၀၀၀ ကျပ်တိတိရရှိပါသည်။**

ဆရာကြီးဆရာမကြီးများထံသို့ နှစ်စဉ်ဆရာပူဇော်ပွဲကျင်းပသော ၂၈၊၁၁၊၂၀၂၁(အမျိုးသားနေ့)တွင်အိမ်တိုင်ရာ ရောက်လာရောက်ကန်တော့မည်ဖြစ်ကြောင်းဖိတ်စာ(အကြောင်းကြားခွင့်တောင်းစာ)ကိုViber မှတဆင့်ကြိုတင် ပေးပို့ပါသည်။


ဓာတုအင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ

ဒီပလိုမာ၊နည်းပညာ၊အင်ဂျင်နီယာဘွဲ့ရကျောင်းသား/သူများနှင့်မျိုးဆက်သစ်ကျောင်းသား/သူများ

**ဓာတုအင်ဂျင်နီယာမိသားစု ၂၀၂၁ ခုနှစ် အာစရိယပူဇော်ပွဲ**

**ရိုသေလေးစားအပ်ပါသော အနေဝေးအနေနီးရှိကြသည့် ဆရာကြီးဆရာမကြီးများခင်ဗျား**

ဓာတုအင်ဂျင်နီယာကျောင်းသား/သူဟောင်းများ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ နှစ်စဉ်မပျက်ပူဇော်ကန်တော့ခဲ့ကြသော ဓာတုအင်ဂျင်နီယာမိသားစုအာစရိယပူဇော်ပွဲကို ယမန်နှစ်ကကဲ့သို့ zoom meeting အခမ်းအနားဖြင့် မကျင်းပတော့ဘဲ ကျောင်းသား/သူဟောင်းများထံမှ ပူဇော်ကန်တော့ငွေများကို စနစ်တကျကောက်ခံပြီး ဆရာကြီး ဆရာမကြီးများထံသို့ တိုက်ရိုက်သွားရောက်ပေးအပ်ပူဇော်ကန်တော့ကြမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍အောက်ပါအစီအစဉ်အတိုင်းဆရာကြီး၊ဆရာမကြီးများထံသို့ ပူဇော်ကန်တော့ကြမည်ဖြစ်ပါကြောင်း ရိုသေလေးစားစွာဖြင့် ကြိုတင်အသိပေးအကြောင်းကြား ခွင့်ပန်အပ်ပါသည်ခင်ဗျား။

ကန်တော့မည့်ရက် ။ ။ ၂၈၊၁၁၊၂၀၂၁ (တနင်္ဂနွေနေ့၊ အမျိုးသားနေ့)

ကန်တော့ခံဆရာကြီး ဆရာမကြီးများ။ ။ (၁) ၆၅နှစ်အထက်ဆရာကြီးဆရာမကြီးများ
(၂) ၅၅နှစ်အထက်ဆရာကြီးဆရာမကြီးများ

ဓာတုအင်ဂျင်နီယာမိသားစု
၂၀၂၁ ခုနှစ် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

( ၆ - ၁၈ ) ၂၈-၁၁-၂၀၂၁(အမျိုးသားနေ့၊တနင်္ဂနွေနေ့)တွင် ဆရာကြီးဆရာမကြီးများ ထံသို့အဖွဲ့များခွဲကာ သွားရောက်ပူဇော် ကန်တော့ကြပါသည်။

---

သို့

ဆရာကြီး

2021 ဓာတုအင်ဂျင်နီယာမိသားစု

**အာစရိယပူဇော်ပွဲ**

ဓာတုအင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ

ဒီပလိုမာ၊နည်းပညာ၊အင်ဂျင်နီယာဘွဲ့ရကျောင်းသား/သူများ နှင့်

မျိုးဆက်သစ်ကျောင်းသား/သူများ မှ

**( ၃၀၀,၀၀၀ ) ကျပ်**

ဂါရဝပြုကန်တော့အပ်ပါသည်။

ဓာတုအင်ဂျင်နီယာဘာသာရပ်ဆိုင်ရာဒီပလိုမာ၊နည်းပညာ၊အင်ဂျင်နီယာဘွဲ့ရကျောင်းသား/သူများနှင့် မျိုးဆက်သစ်ကျောင်းသား/သူများ ၏၂၀၂၁ခုနှစ်ဓာတုအင်ဂျင်နီယာမိသားစုအာစရိယပူဇော်ပွဲကိုအောင်မြင်စွာကျင်းပ နိုင်ခဲ့ပါသည်။

**၇။လက်ရှိအသင်းသား နှင့် အသင်းသားဝင်ရောက်မှုအခြေအနေ**

ယခုအစီရင်ခံသည့်ကာလအထိအသင်းဝင် စုစုပေါင်း ( ၂၃၉ ) ဦးရှိပါသည်။

**၈။ အမှုဆောင်များဆောင်ရွက်ချက်များအပေါ် သုံးသပ်ချက်**

(၈-၁) မြန်မာနိုင်ငံဓာတုအင်ဂျင်နီယာများအသင်းသည်သက်တမ်း (၃) နှစ် တာကာလအတွင်း စည်းရုံးရေး၊ ဘဏ္ဍာရေး၊ စီမံခန့်ခွဲရေး နှင့် အသင်းဝင်များ ၏ အကျိုးဖြစ်ထွန်းရေး ကိစ္စရပ်များဖြစ်သော သင်တန်းများဖွင့်လှစ်ခြင်း၊ ပြည်ပလေ့လာရေး ခရီးထွက်ခြင်း၊ ဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်း စသည်

တို့ကိုစဉ်ဆက်မပြတ်လက်ဆင့်ကမ်း၍အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသဖြင့်တိုးတက် အောင်မြင် မှုများရရှိခဲ့ပါသည်။

(၈-၂) အသင်းဝင်အင်အား (၂၃၉) ဦးသာရှိသေးသဖြင့် တစ်နိုင်ငံလုံး နှင့်ကြည့်လျှင်များစွာ နည်းပါးနေသေးကြောင်း၊ ပြည်နယ်များရှိ ဓာတုအင်ဂျင်နီယာများ နှင့် လုပ်ငန်းရှင်များအသင်းဝင် ဖြစ်ရေးကိုစည်းရုံးရေးနည်းလမ်းကောင်းများရှာကြံလုပ်ဆောင် သွားရန်လိုအပ်နေသေးကြောင်း နှင့် အသင်းဝင်များ၏လုပ်ငန်းဆောင်တာများတိုးတက် ဖွံ့ဖြိုးရေးအတွက် လိုအပ်သောအကြံဉာဏ်ကောင်းများ ပေးခြင်း၊ အခက်အခဲများကိုဝိုင်းဝန်း ကူညီဖြေရှင်း ပေးခြင်း၊ သတင်းအချက်အလက်များဖြန့်ဖြူးပေးခြင်း နှင့် လိုအပ်လျက်ရှိသော လူ့စွမ်းအားဖွံ့ဖြိုးရေးလုပ်ငန်းများကို ယခုထက်ပိုမိုလုပ်ကိုင်ဆောင်ရွက်ရန် လိုအပ်လျက်ရှိ နေသေးကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

(၈-၃) အသင်း၏ ဘဏ္ဍာရေးအခြေအနေမှာ တောင့်တင်းခိုင်မာမှုနည်းပါးသေးကြောင်း၊ အသင်း အနေဖြင့် အသင်းဝင်ကြေး နှင့် နှစ်စဉ်ကြေး မှ ရရှိသည့်ဝင်ငွေများ အပေါ်တွင် သာရပ်တည်နေရ၍ အခြားသောဘဏ္ဍာငွေတိုးတက်ရရှိမည့်နည်းလမ်းများကိုရှာကြံအကောင်အထည် ဖော်ဆောင်ရွက်ရန်လိုအပ်နေသေးကြောင်း၊ ဘဏ္ဍာငွေတောင့်တင်း ခိုင်မာမှသာလျှင် အသင်း၏ အဓိကကျသောရှေ့လုပ်ငန်းစဉ်များကိုဆက်လက်အကောင်အထည်ဖေါ် နိုင်မည်ဖြစ်ပါကြောင်းသုံးသပ်တင်ပြအပ်ပါသည်။

(၈-၄) အထက်ဖေါ်ပြပါအားနည်းချက်များကို ဆန်းစစ်၍အသင်းရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေး အတွက် သက်ဆိုင်ရာအသင်းအဖွဲ့များ၏ပူးပေါင်းကူညီ ဆောင်ရွက်မှုများ၊ အမှုဆောင်များ နှင့် အသင်းဝင်များ၏ လုပ်အား၊ ငွေအား၊ အကြံဉာဏ်အားများကိုရယူ၍ ဝိုင်းဝန်းကြိုးပမ်းလုပ်ဆောင်သွားကြ ရန်လိုမည်ဖြစ်ပါကြောင်းသုံးသပ်တင်ပြအပ်ပါသည်။ အထူးသဖြင့် အမှုဆောင်များ၏စိတ်ပါဝင်စားစွာဖြင့် အတ္တပရမျှတစွာအချိန်ပေးတာဝန်ယူ ဆောင်ရွက်မှုကို အဓိကလိုအပ်ကြောင်းသုံးသပ်တင်ပြအပ်ပါသည်။

## ၉။ အသင်း၏အကောင်အထည်ဖော်ဆောင်ရွက်မည့်ရှေ့လုပ်ငန်းစဉ်များ

အသင်းမှရှေ့ဆောင်ရွက်မည့်လုပ်ငန်းစီမံချက်များကို အသင်းဝင်ဓာတုအင်ဂျင်နီယာများ၏ လိုအပ်ချက်နှင့် အညီအောက်ပါစီမံချက်များချမှတ်အကောင်အထည်ဖော်လုပ်ကိုင်ရန်စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

- ❖ မြန်မာနိုင်ငံဓာတုအင်ဂျင်နီယာအသင်း ရေရှည်တည်တံ့ဖွံ့ဖြိုးရေး နှင့် စနစ်တကျအဆင့်မီ လုပ်ငန်းများတိုးချဲ့လုပ်ကိုင်ရေးစည်းရုံးကြိုးပမ်း ဆောင်ရွက်ရန်။
- ❖ အသင်းမှချမှတ်ထားသော ရည်ရွယ်ချက်များအောင်မြင်ဖြစ်ထွန်းအောင် ကြိုးပမ်းဆောင် ရွက်ရန်
- ❖ ဓာတုအင်ဂျင်နီယာနှင့်ပတ်သက်သော သင်တန်းများအားအခါအားလျော်စွာ ဆက်လက် ဖွင့်လှစ်ရန်။

- ❖ အသင်းမှကြီးမှူး၍ မြန်မာနိုင်ငံရှိ ဓာတုအင်ဂျင်နီယာကျောင်းသား၊ကျောင်းသူများအတွက် ပြိုင်ပွဲများ၊ သုတေသနစာတမ်းဖတ်ပွဲများ နှင့် ဟောပြောပွဲများကိုနှစ်စဉ်ပြုလုပ်ရန်။
- ❖ မြန်မာနိုင်ငံဓာတုအင်ဂျင်နီယာအသင်းမှ ပြုလုပ်သောပြိုင်ပွဲများ၊ မိသားစုဆရာ ကန်တော့ပွဲများ နှင့် ဓာတုအင်ဂျင်နီယာနှင့်ပတ်သတ်သည့် သတင်း အချက်အလက် များကို အချိန် နှင့်တပြေးညီ ဖြန့်ဝေပေးရန်အတွက်ဆောင်ရွက်ရန်။

## ၁၀။ အသင်း၏ဘဏ္ဍာရေးအခြေအနေ

အသင်းသည်အမြတ်အစွန်းများကို အသင်းသားများအားခွဲဝေခြင်းမပြုသော အဖွဲ့အစည်း ဖြစ်သည့်အပြင် အစိုးရမဟုတ်သောအဖွဲ့အစည်း Non-Government Organization (NGO) ဖြစ်ရာ အသင်း၏ လုပ်ငန်းများကိုပုံမှန်လှုပ်ရှားဆောင်ရွက်နိုင်ရန်အတွက် အသင်းရန်ပုံငွေ ရရှိမှုအပေါ်တွင်မူတည်၍ စနစ်တကျ စီမံခန့်ခွဲသုံးစွဲ ဆောင်ရွက်လျက်ရှိပါသည်။ ဗဟိုအလုပ် အမှုဆောင်၊ အလုပ်အမှုဆောင် များအနေဖြင့် လစာနှင့်စရိတ်များမယူဘဲ မိမိတို့စရိတ်ဖြင့် စေတနာ့ဝန်ထမ်းဆောင်ရွက်လျက်ရှိပါသည်။ အသင်းရန်ပုံငွေရရှိရန်နည်းလမ်းများမှာ အသင်းသားများ၏ အသင်းဝင်ကြေးများ၊ နှစ်စဉ်ကြေးများ၊ နှင့် ဘဏ်စုငွေများမှ အတိုးရငွေများသာဖြစ်သည်။ ထိုကြောင့်ယင်းနည်း လမ်းများဖြင့်ဝင်ငွေရရှိမှုမှာ အလွန်နည်းပါးသည့်အပြင် တိုးချဲ့ရှာဖွေရန် ခက်ခဲသောအကန့်အသတ်များရှိသည့် နည်းလမ်းများဖြစ်နေပါသည်။ သို့ဖြစ်ပါ၍လုပ်ငန်းများ ပိုမိုများပြားလာသည့်နှင့်အမျှ ပိုမိုကုန်ကျလာမည့် အသုံးစရိတ်များကို လောက်ငမိစေရန်အတွက်ဝင်ငွေ ပိုမိုရရှိရန် နည်းလမ်းများကို ရှာဖွေကြံဆလျက်ရှိပါသည်။ အသင်းတစ်သင်း အောင်မြင်စွာလှုပ်ရှားနိုင်မှုမှာ ဘဏ္ဍာရေးတောင့်တင်းမှုပေါ်တွင်မူတည်သဖြင့် အသင်းဝင်များအနေဖြင့် နှစ်စဉ်ကြေး များကိုမပျက်မကွက်ထည့်ဝင်ရန်လိုအပ်ပါသည်။ အသင်း၏လက်ရှိ ဘဏ္ဍာရေး အခြေအနေကို ငွေစာရင်းရှင်းတမ်းတွင်ဖော်ပြထားပါသည်။

အသင်း၏၃၁၊၁၂၊၂၀၂၀နေ့လက်ကျန်စာရင်းမှာ

| | |
|---|---|
| Main Cash - စာရင်းပိတ်လက်ကျန် | ၂၆၃,၅၄၉.၀၀ |
| (UST+2) CB AC - စာရင်းပိတ်လက်ကျန် | ၉,၄၆၈,၄၁၇.၉၁ |
| (MAChE) CB AC - စာရင်းပိတ်လက်ကျန် | ၁၃,၆၉၁,၆၃၀.၇၈ |
| CB Bank (MACHE) Fixed Ac - စာရင်းပိတ်လက်ကျန် | ၁၅,၀၀၀,၀၀၀.၀၀ |

စုစုပေါင်း ၃၈,၄၂၃,၅၉၇.၆၉ ကျပ်တိတိဖြစ်ပါသည်။

ငွေစာရင်းများကို အသင်း၏စာရင်းစစ်များမှ ကနဦးစစ်ဆေးအတည်ပြုပြီး ပြင်ပစာရင်းစစ်ကုမ္ပဏီ KyuKyuWin&associateCo,Ltd သို့ အပ်နှံပြီးAuditReport ကိုအတည်ပြုထုတ်ပေးစေခြင်းဖြစ်ပါသည်။ယခုအသင်းသားများအားလုံးနှင့်MAChEViberGroup ့များအားလုံးတွင်လည်းဖြန့်ဝေဖော်ပြကြေညာထားရှိပြီးဖြစ်ပါသည်။နှစ်စဉ်စာရင်းစစ်အစီရင်ခံစာများကိုအသင်း၏ရုံးအဖွဲ့မှမှတ်တမ်းတင်သိမ်းဆည်းထားပြီးပြည်ထောင်စုအစိုးရပြည်ထဲရေးဝန်ကြီးဌာနပြည်ထောင်စု မှတ်ပုံတင်ရေးအဖွဲ့သို့နှစ်စဉ်မပျက်မကွက်တင်သွင်းရပါသည်။

၁၁။ ကျေးဇူးတင်ရှိခြင်း

အသင်းတိုးတက်ဖွံ့ဖြိုးရေးအတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဖြည့်ဆည်းပံ့ပိုး ကူညီခဲ့ကြသော သက်ဆိုင်ရာအသင်းအဖွဲ့များ၊ နည်းပညာတက္ကသိုလ်အသီးသီးမှ ဆရာ၊ဆရာမများ၊ ကျောင်းသူကျောင်းသားများ၊ အတွေ့ကြုံများသော ဝါရင့်ဓာတုအင်ဂျင်နီယာများ၊ မျိုးဆက်သစ်ဓာတုအင်ဂျင်နီယာများ နှင့် အသင်းသူအသင်းသားများကိုလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း ဂုဏ်ပြုမှတ်တမ်း တင်အပ်ပါသည်။

၁၂။ နိဂုံး

(၁၂-၁) မြန်မာနိုင်ငံ၏စက်မှုလက်မှုစဉ်ဆက်မပြတ် ရည်ရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် အခန်းကဏ္ဍတွင်ပါဝင်သော မြန်မာဓာတုအင်ဂျင်နီယာများ ဖွံ့ဖြိုးတိုးတက်လာစေရေး အလေးထား၍ ဆောင်ရွက်ခဲ့ပါသည်။

(၁၂-၂) အသင်း၏ဆောင်ရွက်ချက်များမှာ တစ်ဦးတစ်ယောက်၏အကျိုးစီးပွားကိုဆောင်ရွက်နေခြင်း မဟုတ်ဘဲ မြန်မာနိုင်ငံရှိ ဓာတုအင်ဂျင်နီယာအများစု၏ အကျိုးကိုဆောင်ရွက်နေခြင်းဖြစ်သည် နှင့်အညီ လုပ်ငန်းဆောင်တာများကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးမှာ အလုပ်အမှုဆောင်အဖွဲ့ဝင်များသာမကအသင်းသူအသင်းသားများ၏ပူးပေါင်းဆောင်ရွက်မှုသည် ပဓာနကျသောအခန်းမှပါဝင်လျက်ရှိသည်ဟုခံယူပါသည်။ အစိုးရမဟုတ်သော ပုဂ္ဂလိက အဖွဲ့အစည်းတစ်ခုဖြစ်သော်လည်း နိုင်ငံတော်အစိုးရ၏ ကူညီပံ့ပိုးမှုနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ အထောက်အပံ့မရှိဘဲ နှင့် ရေရှည်တည်တံ့ ခိုင်မြဲနိုင်မည်မဟုတ်ဟုခံယူပါသည်။

(၁၂-၃) အသင်း၏(3)နှစ်တာ ဆောင်ရွက်ချက်များတင်ပြခဲ့ပြီးဖြစ်ရာ လုပ်ငန်းလိုအပ်ချက်များ၊ အားနည်းချက်ကိုသုံးသပ်အဖြေရှာပြီး အကောင်အထည်မဖော်နိုင်သေးသည့် လုပ်ငန်း စီမံကိန်းများ အတွက်အလုပ်အမှုဆောင်အဖွဲ့မှ ဆက်လက်အကောင်အထည်ဖော် လုပ်ကိုင် သွားမည် ဖြစ်ကြောင်း တင်ပြအပ်ပါသည်။အသင်းသားများအနေဖြင့် အလုပ်အမှုဆောင်အဖွဲ့၏ အားနည်းချက်၊ လိုအပ်ချက်များ နှင့်ဆောင်ရွက်သင့်သည့်ကိစ္စများကိုအကြံပြုရေးသား ပေးပို့ပါရန်မေတ္တာရပ်ခံဖိတ်ခေါ်လျက်၊ အစီရင်ခံစာကိုတင်ပြအပ်ပါသည်။

အမှုဆောင်အဖွဲ့

မြန်မာနိုင်ငံဓာတုအင်ဂျင်နီယာအသင်း

၂၀၂၁ခုနှစ်၊ ဒီဇင်ဘာလ ( ၂၆ ) ရက်